# ဂျပန်နိုင်ငံ၏ စီးပွားရေးအခြေအနေ

၁။ ဂျပန်နိုင်ငံအနေဖြင့် အားလုံးပါဝင်နိုင်သော၊ ဆင်းရဲချမ်းသာကွာဟမှုနည်းပါးသော၊ ရေရှည်ဖွံ့ဖြိုးတိုးတက်မှုရှိသော၊ သာတူညီမျှသော၊ ယှဉ်ပြိုင်နိုင်စွမ်းမြင့်မားသော၊တရားမျှတသောစီးပွားရေးဝန်းကျင်တစ်ရပ်ဖော်ဆောင်နိုင်ရေး မျှော်မှန်းဆောင်ရွက်လျက် ရှိပါသည်။ ဂျပန်အစိုးရ၏ မူဝါဒဆိုင်ရာရည်မှန်းချက်(Policy Objective)အနေဖြင့် အမျိုးသားလုံခြုံရေးနှင့် စီးပွားရေးလုံခြုံမှုရှိစေရေးကို အထူးအလေးထားဆောင်ရွက်လျက် ရှိပါသည်။

၂။ ဂျပန်နိုင်ငံ၏ ပထမဆုံးအမျိုးသမီးဝန်ကြီးချုပ်အသစ် Ms. Sanae Takaichi ၏ အစိုးရအဖွဲ့အနေဖြင့် ဂျပန်နိုင်ငံနှင့် ဂျပန်နိုင်ငံသားများအတွက် အဓိကမူဝါဒ ၃ ရပ်ဖြစ်သည့် ဂျပန်နိုင်ငံ၏ စီးပွားရေး အားကောင်းခိုင်မာလာစေရေး ဆောင်ရွက်ခြင်း (Realizing a strong economy)၊ ပြည်သူများ၏ နေ့စဉ်ဘဝကို ကာကွယ်ပေးနိုင်ရေးနှင့် အဓိကမြို့ပြဒေသများ၏ ပြင်ပရှိနေရာဒေသများ တိုးတက်လာစေရေးအတွက်လည်း ပံ့ပိုးပေးခြင်း (Supporting the growth of areas outside major urban centers while safeguarding people’s daily lives) နှင့်ဂျပန်နိုင်ငံ၏ သံခင်းတမန်ခင်း စွမ်းဆောင်ရည်နှင့် ကာကွယ်ရေးဆိုင်ရာ စွမ်းဆောင်ရည်များ မြှင့်တင်ခြင်း (Building up Japan’s diplomatic capacity and defense capabilities) ကို အစိုးရအဖွဲ့သစ်၏ အဓိကမူဝါဒများအဖြစ် အကောင်အထည်ဖော်နိုင်ရေးအတွက် အရင်းအမြစ်များကို အပြည့်အဝသုံးစွဲကာ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ၂၀၂၅ ခုနှစ်၊ အောက်တိုဘာလ ၂၁ ရက်နေ့တွင် ထုတ်ပြန်ကြေညာခဲ့ပါသည်။

၃။ အဆိုပါ ထုတ်ပြန်ချက်တွင် ဂျပန်နိုင်ငံနှင့် ဂျပန်လူမျိုးများ၏ အရေးပါမှုနှင့် အင်အားကြီးမားမှုကို ခိုင်မာစွာယုံကြည်လျက် ဂျပန်အစိုးရအဖွဲ့အနေဖြင့် ဂျပန်နိုင်ငံ၏ စီးပွားရေးအားကောင်းခိုင်မာလာစေရေး၊ ပြည်သူများ၏ လက်ရှိလူမှုဘဝများတွင် ကြုံတွေ့နေရသည့် စိန်ခေါ်မှုများနှင့် စိုးရိမ်မှုများ ပပျောက်စေခြင်းဖြင့် အနာဂတ်မျှော်လင့်ချက်များ ဖော်ဆောင်ပေးနိုင်ရေး၊ ကမ္ဘာ့ရေးရာများတွင် အရေးပါသည့် ဂျပန်နိုင်ငံ၏ သံခင်းတမန်ခင်းဆက်ဆံရေးကို ပြန်လည်ထိန်းသိမ်းနိုင်ရေးဆောင်ရွက်ခြင်းဖြင့် နိုင်ငံတကာအသိုက်အဝန်းတွင် ကြုံတွေ့နေရသည့် စိန်ခေါ်မှုများကို ဖြေရှင်းပေးနိုင်ရေး ဆောင်ရွက်သွားမည်ဖြစ်ပါသည်

၄။ ဂျပန်အစိုးရအဖွဲ့သစ်၏ အခြေခံမူဝါဒ (၃) ရပ်မှာ အောက်ပါအတိုင်း ဖြစ်ပါသည်-

(က) **ဂျပန်နိုင်ငံ၏ စီးပွားရေးအားကောင်းခိုင်မာလာစေရေး ဆောင်ရွက်ခြင်း (Realizing a strong economy)။** ဂျပန်နိုင်ငံ၏ စီးပွားရေးပြန်လည်အားကောင်းလာစေရေးအတွက် ဖွံ့ဖြိုးမှုမဟာဗျူဟာကို ချမှတ်သွားမည်ဖြစ်ကြောင်း၊ အနာဂတ်တွင် ကြုံတွေ့လာနိုင်မည့် စိန်ခေါ်မှုများကို ကြံ့ကြံ့ခံရင်ဆိုင်နိုင်သည့် မဟာဗျူဟာကျသော ရင်းနှီးမြှုပ်နှံမှုများကို အလေးထားဖိတ်ခေါ်သွားမည်ဖြစ်ကြောင်း၊ အမျိုးမျိုး

သောအန္တရာယ်များနှင့် လူမှုပြဿနာများကို ပုဂ္ဂလိကကဏ္ဍနှင့်လက်တွဲ၍ ထိရောက်စွာ ကာကွယ်နိုင်ရေးနှင့် ဖြေရှင်းနိုင်ရေးအတွက် ဂျပန်အစိုးရအနေဖြင့် ဆောင်ရွက်သွားမည် ဖြစ်ကြောင်း၊ ဘဏ္ဍာရေးမူဝါဒများကို မဟာဗျူဟာကျစွာ ချမှတ်ခြင်းဖြင့် ဖြစ်ပေါ်လာနိုင်သည့် စိန်ခေါ်မှုများအတွက် ကြိုတင်ပြင်ဆင်ထားသော ရေရှည်တည်တံ့သည့် နိုင်ငံ့ဘဏ္ဍာရေးဆိုင်ရာ လမ်းစဉ်ကို ချမှတ်ကာ နိုင်ငံ့ဘဏ္ဍာရေးအခြေအနေ တည်ငြိမ်ကောင်းမွန်စေရေးအတွက်လည်း စဉ်ဆက်မပြတ် အလေးထားစောင့်ကြည့်သွားမည်ဖြစ်ကြောင်း၊ ပြည်သူများ၏ နေ့စဉ်ဘဝများနှင့် ရှင်သန်နေထိုင်မှု အဆင်ပြေစေရေးနှင့် လုံခြုံမှုရှိစေရေးအတွက် လစာဝင်ငွေများ တိုးမြှင့်ပေးနိုင်ရေး၊ ပြည်သူများ၏ သုံးစွဲမှုပုံစံများနှင့်စပ်လျဉ်းသည့် အတွေးအမြင်များ ပြောင်းလဲလာစေရေးနှင့် အခွန်ဘဏ္ဍာငွေများ တိုးမြှင့်ရရှိနိုင်ရေး ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ငွေကြေးဖောင်းပွမှုများ မြင့်တက်လျက်ရှိခြင်းကို ဂျပန်အစိုးရအနေဖြင့် ဖြေရှင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ စီးပွားရေးလုံခြုံမှု အားကောင်းလာစေရေး၊ စားနပ်ရိက္ခာဖူလုံမှု သေချာစေရေး၊ စွမ်းအင်နှင့် အရင်းအမြစ်များ ဖူလုံစေရေး၊ နိုင်ငံ့ကြံ့ခိုင်ရည်ရှိမှုကို မြှင့်တင်နိုင်ရေး၊ ဆိုက်ဘာလုံခြုံရေးကို မြှင့်တင်နိုင်ရေး၊ ကျန်းမာရေးစောင့်ရှောက်မှုဆိုင်ရာ ဖူလုံမှုကို မြှင့်တင်နိုင်ရေး၊ လူ့စွမ်းအားအရင်းအမြစ်ကို ကောင်းစွာအသုံးချနိုင်သည့် ဝန်းကျင်တစ်ရပ် ဖော်ဆောင်နိုင်ရေး မြှင့်တင်သွားမည်ဖြစ်ကြောင်း၊

(ခ) **ပြည်သူများ၏ နေ့စဉ်ဘဝကို ကာကွယ်ပေးနိုင်ရေးနှင့် အဓိကမြို့ပြဒေသများ၏ ပြင်ပရှိနေရာဒေသများ တိုးတက်လာစေရေးအတွက် ပံ့ပိုးပေးခြင်း (Supporting the growth of areas outside major urban centers while safeguarding people’s daily lives)။** ဂျပန်နိုင်ငံ၏ ပြည်နယ်ဒေသများရှိ လူမှုဘဝများ ကာကွယ်ပေးနိုင်ရေးနှင့် လုံခြုံမှုရှိစေရေးအတွက် ဒေသတွင်း၌ စက်မှုလုပ်ငန်းဆိုင်ရာ အစုအဖွဲ့များ ဖွဲ့စည်းနိုင်ရေးအတွက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ အဓိက မြို့ပြဒေသများ၏ ပြင်ပရှိနေရာဒေသများတွင် ဒစ်ဂျစ်တယ်အသွင်ကူးပြောင်းမှု မြှင့်တင်နိုင်ရေး၊ ဒေသခံစက်မှုလုပ်ငန်းများတည်ထောင်နိုင်ရေး၊ ဒေသတွင်း အများပြည်သူ သယ်ယူပို့ဆောင်ရေးလုပ်ငန်းများ ထိန်းသိမ်းထားနိုင်ရေး ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ဂျပန်နိုင်ငံရှိ နိုင်ငံခြားသားများ၏ အခန်းကဏ္ဍနှင့် စပ်လျဉ်းသည့် မူဝါဒများကို မြှင့်တင်နိုင်ရေးလည်း ဆောင်ရွက်သွားမည် ဖြစ်ကြောင်း၊ နိုင်ငံခြားသားများနှင့်စပ်လျဉ်း၍ သင့်လျော်ပြီး ကျယ်ပြန့်သည့်လုပ်ငန်းစဉ်များကို ချမှတ်သွားမည်ဖြစ်ကြောင်း၊ အုပ်စုဖွဲ့ ပြစ်မှုကျူးလွန်မှုများကို ဖြေရှင်းနိုင်မည့်လုပ်ငန်းစဉ်များကိုလည်း ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ တရားဥပဒေစိုးမိုးမှုကို ထိန်းသိမ်း

နိုင်ရေးနှင့် ပိုမိုခိုင်မာအားကောင်းစေရေးအတွက်လည်း ကြိုးပမ်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ကြီးမားသည့် သဘာဝဘေးအန္တရာယ်များ ကြုံတွေ့ခြင်း၊ အကြမ်းဖက်မှုများဖြစ်ပွားခြင်း၊ ကူးစက်ရောဂါများ ဖြစ်ပွားခြင်းနှင့်အခြားသော နိုင်ငံ့အကျပ်အတည်းများ ကြုံတွေ့လာရပါက ပြည်သူတို့၏ အသက်အိုးအိမ်များကာကွယ်ပေးနိုင်ရေးကို အစိုးရအဖွဲ့၏ ပဓာနဦးစားပေး လုပ်ငန်းစဉ်အဖြစ် ချမှတ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ အရေးပေါ်လုပ်ငန်းများ ဆောင်ရွက်ရာတွင် ပေါင်းစည်းစွမ်းအားဖြင့် အခြေအနေပေါ်မူတည်၍ မြန်ဆန်စွာ တုံ့ပြန်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ နိုတိုကျွန်းဆွယ် ငလျင် အပါအဝင် အခြားသော ကြီးမားသည့် သဘာဝဘေးအန္တရာယ်များမှ ပြန်လည်ထူထောင်နိုင်ရေးအတွက်လည်း တည်ဆောက်ရေးလုပ်ငန်းစဉ်များကို အစွမ်းကုန် ကြိုးပမ်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊

(ဂ) **ဂျပန်နိုင်ငံ၏ သံခင်းတမန်ခင်းစွမ်းဆောင်ရည်နှင့်ကာကွယ်ရေးဆိုင်ရာ စွမ်းဆောင်ရည်များ မြှင့်တင်ခြင်း (Building up Japan’s diplomatic capacity and defense capabilities)။** ဂျပန်နိုင်ငံ၏ အမျိုးသားအကျိုးစီးပွားကိုကာကွယ်နိုင်ရေးအတွက် ကမ္ဘာ့ရေးရာများတွင် အရေးပါသည့် ဂျပန်နိုင်ငံ၏ သံခင်းတမန်ခင်းဆက်ဆံရေးကို ပြန်လည်ထိန်းသိမ်းနိုင်ရေး ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ဂျပန်နိုင်ငံ၏ ငြိမ်းချမ်းမှု၊ လုံခြုံမှုနှင့် သာယာဝပြောမှုကို မြှင့်တင်နိုင်ရေးနှင့် နိုင်ငံတကာအသိုက်အဝန်းနှင့် အတူယှဉ်တွဲနေထိုင်မှုနှင့် အပြန်အလှန်ကြွယ်ဝ ချမ်းသာမှုကို မြှင့်တင်နိုင်ရေးအတွက် သံခင်းတမန်ခင်း စွမ်းဆောင်ရည်၊ ကာကွယ်ရေးဆိုင်ရာစွမ်းဆောင်ရည်၊ စီးပွားရေးဆိုင်ရာရပ်တည်မှု၊ နည်းပညာဆိုင်ရာ ကျွမ်းကျင်မှု၊ သတင်းအချက်အလက်ဆိုင်ရာ ကျွမ်းကျင်မှုများ အပါအဝင် ဂျပန်နိုင်ငံ၏ ဘက်စုံအားသာချက်များကို မြှင့်တင်နိုင်ရေးအတွက် ကြိုးပမ်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ သံခင်းတမန်ခင်းဆိုင်ရာ၊ ကာကွယ်ရေးဆိုင်ရာ၊ စီးပွားရေးဆိုင်ရာနှင့် အခြားသော ကဏ္ဍများတွင် ဂျပန်-အမေရိကန် မိတ်ဖက်ဆက်ဆံရေးကို အခြေခံအုတ်မြစ်အဖြစ် မှတ်ယူကာ လွတ်လပ်၍ ပွင့်လင်းမြင်သာမှုရှိသည့် အင်ဒို-ပစိဖိတ်မျှော်မှန်းချက်နှင့်အညီ သဘောထားတူညီသည့်နိုင်ငံများနှင့် ကမ္ဘာ့တောင်ဘက်ခြမ်းနိုင်ငံများအကြား နိုင်ငံစုံပူးပေါင်းဆောင်ရွက်မှုကို ဖြန့်ကျက်နိုင်ရေး ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ဂျပန်အစိုးရအဖွဲ့အနေဖြင့် ဂျပန်နိုင်ငံ၏ စုံစမ်းထောက်လှမ်းရေးဆိုင်ရာ လုပ်ငန်းစဉ်များကို ပိုမိုအားကောင်းလာစေရေး ဆောင်ရွက်သွားမည်ဖြစ်ကြောင်းနှင့် မြောက်ကိုရီးယားနိုင်ငံသို့ ဖမ်းဆီးခေါ်ဆောင်ခံရသည့် ဂျပန်နိုင်ငံသားများကို ဂျပန်နိုင်ငံသို့ အမြန်ဆုံးပြန်လည် လွှဲပြောင်းပေးစေရေးအတွက်

လည်း ကြိုးပမ်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ကိုယ်ပိုင်အချုပ်အခြာအာဏာရှိသည့် ဂျပန်နိုင်ငံအနေဖြင့် ဂျပန်နိုင်ငံ၏ ကာကွယ်ရေးဆိုင်ရာ စွမ်းဆောင်ရည်များကို မြှင့်တင်နိုင်ရေးအတွက်လည်း ကိုယ်ပိုင်ဆုံးဖြတ်ချက်ဖြင့် ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

၅။ ဂျပန်အစိုးရအနေဖြင့် စီးပွားရေးလုပ်ငန်းများ၏ လည်ပတ်ဆောင်ရွက်နိုင်မှု အခြေအနေကောင်းမွန်စေရေး၊ လစာနှုန်းထားများတိုးမြှင့်ပေးနိုင်ရေး၊ ကုန်စည်ဈေးနှုန်းများ ထိန်းချုပ်နိုင်ရေး၊ ဘဏ္ဍာရေးအခြေအနေကောင်းမွန်စေရေး ဆောင်ရွက်လျက်ရှိပြီး ဂျပန်ဗဟိုဘဏ်အနေဖြင့်လည်း ငွေကြေးဖောင်းပွမှုနှုန်းကို သတ်မှတ်နှုန်းထားဖြစ်သည့် ၂ ရာခိုင်နှုန်းတွင် ထိန်းထားနိုင်ရေး မျှော်မှန်းဆောင်ရွက်လျက် ရှိပါသည်။ ဂျပန်အစိုးရအနေဖြင့် ခိုင်မာအားကောင်းသည့် ငွေကြေးမူဝါဒ၊ပျော့ပျောင်းသည့် ဘဏ္ဍာရေးမူဝါဒနှင့် ပုဂ္ဂလိကရင်းနှီးမြှုပ်နှံမှုကို တွန်းအားပေးနိုင်မည့် ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ မဟာဗျူဟာများ ချမှတ်ဆောင်ရွက်လျက် ရှိပါသည်။

၆။ ဂျပန်အစိုးရအနေဖြင့် နှစ်ပေါင်း ၃၀ ကျော်ကြာ အသုံးစရိတ်ချွေတာခဲ့ရသည့် Cost-cutting Economy မှသည် လစာနှုန်းများတိုးမြှင့်ခြင်း၊ ဝယ်ယူသုံးစွဲနိုင်စွမ်း မြှင့်တင်ခြင်းနှင့် ရင်းနှီးမြှုပ်နှံမှုများမြှင့်တင်ခြင်းနှင့် ဘဏ္ဍာရေးအခြေအနေ ကောင်းမွန်စေခြင်းတို့ဖြင့် ဂျပန်နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်မှုကို တွန်းအားပေးနိုင်သည့် စီးပွားရေးဝန်းကျင်တစ်ရပ် ဖော်ဆောင်နိုင်ရေး (Growth-oriented Economy) ဆောင်ရွက်လျက် ရှိပါသည်။ ဂျပန်အစိုးရအနေဖြင့် ဂျပန်တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်လာစေရေးအပြင် တစ်ဦးကျ GDP (Per Capita GDP) တိုးတက်စေရေးအတွက်လည်း ဦးတည်ဆောင်ရွက်လျက် ရှိပါသည်။

၇။ ဂျပန်အစိုးရအနေဖြင့် စီးပွားရေးဆိုင်ရာ သံခင်းတမန်ခင်းဆက်ဆံရေးတွင် အောက်ပါကဏ္ဍ (၃) ရပ်ကို မြှင့်တင်နိုင်ရေး ချဲ့ထွင်ဆောင်ရွက်ခြင်းနှင့် တရားဥပဒေစိုးမိုးမှု မြှင့်တင်ခြင်း။

(ခ) အစိုးရ-ပုဂ္ဂလိကပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ခြင်းမှတစ်ဆင့် ဂျပန်ကုမ္ပဏီများအနေဖြင့် ပြည်ပနိုင်ငံများတွင် လုပ်ငန်းဆောင်ရွက်မှုများ တိုးချဲ့ဆောင်ရွက်နိုင်ရေး ပံ့ပိုးပေးခြင်း။

(ဂ) အရင်းအမြစ်များ ဖူလုံစေရေးအတွက် အရင်းအမြစ်ဆိုင်ရာ သံခင်းတမန်ခင်းဆက်ဆံရေးကို မြှင့်တင်ခြင်းနှင့် ပြည်တွင်း၌ နိုင်ငံခြားသားခရီးသွားများ လာရောက်မှုကို မြှင့်တင်နိုင်ရေး ဆောင်ရွက်ခြင်း။

၈။ ဂျပန်အစိုးရအနေဖြင့် အရင်းအမြစ်ဆိုင်ရာ သံခင်းတမန်ခင်းဆက်ဆံရေး (Resource Diplomacy) မြှင့်တင်နိုင်ရန်အတွက် အောက်ပါလုပ်ငန်းစဉ်များကို ဆောင်ရွက်လျက် ရှိပါသည်-

(က) စွမ်းအင်နှင့် တွင်းထွက်သယံဇာတများကို သင့်တင့်သည့်ဈေးနှုန်းဖြင့် စဉ်ဆက်မပြတ်ရရှိစေမှု သေချာစေရေး ဆောင်ရွက်ခြင်း။

(ခ) ဂျပန်နိုင်ငံနှင့်ပြည်ပနိုင်ငံများရှိ စွမ်းအင်နှင့်သယံဇာတအရင်းအမြစ်များနှင့် စပ်လျဉ်းသည့် အချက်အလက်များကို စုဆောင်းခြင်း။

(ဂ) စွမ်းအင်နှင့် တွင်းထွက်သယံဇာတများကို သင့်တင့်သည့်ဈေးနှုန်းဖြင့် စဉ်ဆက်မပြတ်ရရှိစေမှု သေချာစေရေးအတွက် သံခင်းတမန်ခင်း ဆက်ဆံရေးကို မြှင့်တင်ဆောင်ရွက်ခြင်း။

(ဃ) ပြည်ပနိုင်ငံများတွင် ဖွင့်လှစ်ထားသည့် ဂျပန်သံရုံးများမှတစ်ဆင့် သယံဇာတအရင်းအမြစ်များနှင့်စပ်လျဉ်းသည့် အချက်အလက်များအား စုဆောင်းခြင်း။

(င) စွမ်းအင်ဈေးကွက် တည်ငြိမ်စေရေးအတွက် နိုင်ငံတကာနှင့်ပူးပေါင်းဆောင်ရွက်ခြင်း။

(စ) စွမ်းအင်နှင့် အရင်းအမြစ်ဆိုင်ရာ နိုင်ငံတကာအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်မှု မြှင့်တင်ခြင်း။

(ဆ) စွမ်းအင်နှင့် အရင်းအမြစ်ဆိုင်ရာ ပြည်ပနိုင်ငံများမှ သံတမန်အဖွဲ့အစည်းများနှင့် မဟာဗျူဟာကျသည့် တွေ့ဆုံဆွေးနွေးမှုများ ပြုလုပ်ခြင်း။

(ဇ) ဂျပန်နိုင်ငံမှ အဖွဲ့ဝင်အဖြစ် ပါဝင်လျက်ရှိသည့် Energy Charter Treaty (ECT) ကို ပြင်ဆင်နိုင်ရေးအတွက် ညှိနှိုင်းမှုများ ဆောင်ရွက်ခြင်း။

(ဈ) စွမ်းအင်နှင့်အရင်းအမြစ်ဆိုင်ရာ ကဏ္ဍများတွင် အများပြည်သူနှင့် ဆက်ဆံဆောင်ရွက်မှု မြှင့်တင်ခြင်း။

(ည) စားနပ်ရိက္ခာဖူလုံစေရေးအတွက် စားနပ်ရိက္ခာဆိုင်ရာ နိုင်ငံတကာအဖွဲ့အစည်းများနှင့်ပူးပေါင်းဆောင်ရွက်မှု မြှင့်တင်ခြင်း။

**ဂျပန်နိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုနှုန်း**

၉။ ၂၀၂၅ ခုနှစ်တွင် ဂျပန်နိုင်ငံ၏ နှစ်စဉ်စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုနှုန်းမှာ ၃.၅ ရာခိုင်နှုန်း ရှိခဲ့ပါသည်။ ဂျပန်နိုင်ငံ၏ ပြည်တွင်းအသားတင်ထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုး (Nominal GDP) မှာ အမေရိကန်ဒေါ်လာ ၄.၂၀ ထရီလီယံ ရှိခဲ့ပါသည်။ ဂျပန်နိုင်ငံ၏ တစ်ဦးကျ ပြည်တွင်းအသားတင်ထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုး (Per Capita GDP) မှာ အမေရိကန်ဒေါ်လာ ၃၄,၇၁၃ ဖြစ်ပါသည်။ ဂျပန်နိုင်ငံ၏ ပြည်တွင်းအသားတင်ထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုး (GDP) တွင် လယ်ယာကဏ္ဍ၏ ပါဝင်မှုအချိုးမှာ ၁ ရာခိုင်နှုန်း၊ စက်မှုကဏ္ဍ၏ ပါဝင်မှုအချိုးမှာ ၂၅.၉ ရာခိုင်နှုန်းနှင့် ဝန်ဆောင်မှုကဏ္ဍ၏ ပါဝင်မှုအချိုးမှာ ၇၃.၁ ရာခိုင်နှုန်း ဖြစ်ပါသည်။

## ဂျပန်နိုင်ငံ၏ ကုန်သွယ်မှုအခြေအနေ

၁၀။ ကမ္ဘာ့စီးပွားရေး စတုတ္ထအင်အားအကြီးဆုံးနိုင်ငံဖြစ်သည့် ဂျပန်နိုင်ငံအနေဖြင့် လွပ်လပ်၍ မျှတသည့် ကုန်သွယ်မှုစနစ်ကို ကျင့်သုံးလျက် ရှိပါသည်။ အစိုးရအနေဖြင့် စားနပ်ရိက္ခာနှင့် စွမ်းအင်ဖူလုံစေရေးနှင့် အဆင့်မြင့်နည်းပညာများ မြှင့်တင်နိုင်ရေးအတွက် တစ်ပိုင်းလျှပ်ကူး ပစ္စည်းအပါအဝင် နိုင်ငံအတွက်အရေးပါသည့် အရင်းအမြစ်များ စဉ်ဆက်မပြတ်ရရှိစေခြင်းဖြင့် စီးပွားရေးလုံခြုံမှုရှိစေရေး ဆောင်ရွက်လျက် ရှိပါသည်။ အဆိုပါကုန်စည်များ စဉ်ဆက်မပြတ် ရရှိနိုင်ရေးအတွက် သယံဇာတနှင့်အရင်းအမြစ်ကြွယ်ဝသည့် နိုင်ငံများနှင့် ပူးပေါင်းဆောင်ရွက်မှုများ မြှင့်တင်လျက် ရှိပါသည်။ ဂျပန်နိုင်ငံအနေဖြင့် ကျွန်းနိုင်ငံဖြစ်သည့်အားလျော်စွာ ကုန်သွယ်မှု ပြုလုပ်ရာတွင် ရေကြောင်းနှင့်လေကြောင်းကိုသာ အသုံးပြုလျက်ရှိပြီး၊ ရေကြောင်းမှ ကုန်သွယ်မှုမှာ စုစုပေါင်း ကုန်သွယ်မှုပမာဏ၏ ၉၉ ရာခိုင်နှုန်းရှိပြီး၊ လေကြောင်းမှ ကုန်သွယ်မှုမှာ စုစုပေါင်း ကုန်သွယ်မှုပမာဏ၏ ၁ ရာခိုင်နှုန်းသာ ရှိပါသည်။ ဂျပန်နိုင်ငံတွင် ဆိပ်ကမ်းပေါင်း ၁၀၂၄ ခု ရှိပြီး နာဂိုယာဆိပ်ကမ်းမှာ ဂျပန်နိုင်ငံတွင် ကုန်စည်အများဆုံးသယ်ဆောင်နိုင်သော ဆိပ်ကမ်း ဖြစ်ပါသည်။ ဂျပန်နိုင်ငံအနေဖြင့် ကုန်သွယ်မှုများကို ယိုကိုဟားမားဆိပ်ကမ်း၊တိုကျိုဆိပ်ကမ်း၊ နာဂိုယာဆိပ်ကမ်း၊ အိုဆာကာဆိပ်ကမ်းနှင့်ကိုဘေးဆိပ်ကမ်းတို့မှ အဓိကပြုလုပ်လျက် ရှိပါသည်။

၁၁။ ဂျပန်နိုင်ငံအနေဖြင့် ၂၀၂၅ ခုနှစ်၊ ဇန်နဝါရီလမှ ဒီဇင်ဘာလအထိ ယန်း ၁၁၀.၄၀၀ ထရီလီယံ တန်ဖိုးရှိ ကုန်စည်များ တင်ပို့ခဲ့ပြီး၊ ယန်း ၁၁၃.၃၃၀ ထရီလီယံတန်ဖိုးရှိ ကုန်စည်များ တင်သွင်းခဲ့ပါသည်။ ဂျပန်နိုင်ငံ၏ ကုန်သွယ်မှုတွင် စက်မှုထုတ်ကုန်များ ကုန်သွယ်မှုမှာ အများဆုံးဖြစ်ပြီး စုစုပေါင်းပို့ကုန်၏ ၈၅ ရာခိုင်နှုန်းနှင့် သွင်းကုန်၏ ၆၀ ရာခိုင်နှုန်းကို ကိုယ်စားပြုလျက် ရှိပါသည်။

၁၂။ ၂၀၂၅ ခုနှစ်၊ ဇန်နဝါရီလမှ ဒီဇင်ဘာလအတွင်း ဂျပန်နိုင်ငံမှ အများဆုံးတင်ပို့ခဲ့သော နိုင်ငံ/ ဒေသများမှာ အမေရိကန် (၁၈.၄၆%) ၊ တရုတ် (၁၇.၀၀%)၊ အာဆီယံ (၁၄.၄၅%)၊ အီးယူ (၉.၁၄%) နှင့် ကိုရီးယားသမ္မတနိုင်ငံ (၆.၃၀%) တို့ ဖြစ်ပါသည်။ ဂျပန်နိုင်ငံမှ အများဆုံးတင်သွင်းခဲ့သော နိုင်ငံ/ ဒေသများမှာ တရုတ် (၂၃.၅၆%)၊ အာဆီယံ (၁၅.၇၉%)၊ အမေရိကန် (၁၁.၃၉%)၊ အီးယူ (၁၁.၂၆%) နှင့် ဩစတြေးလျ (၆.၀၀%) တို့ ဖြစ်ပါသည်။

၁၃။ ၂၀၂၅ ခုနှစ်၊ ဇန်နဝါရီလမှ ဒီဇင်ဘာလအတွင်း ဂျပန်နိုင်ငံမှ ကမ္ဘာ့နိုင်ငံများသို့ အများဆုံး တင်ပို့ခဲ့သည့် ကုန်စည်များမှာ မော်တော်ယာဉ် (ကား)၊ တစ်ပိုင်းလျှပ်ကူးပစ္စည်း၊ တစ်ပိုင်းလျှပ်ကူး ပစ္စည်းထုတ်လုပ်သည့် စက်ပစ္စည်းများ၊ သံနှင့်သံမဏိ ထုတ်ကုန်များ၊ မော်တော်ယာဉ် အပိုပစ္စည်း များနှင့်ပလပ်စတစ်ပစ္စည်းများ ဖြစ်ပါသည်။ ဂျပန်နိုင်ငံမှ အများဆုံးတင်သွင်းခဲ့သော ကုန်စည်များ

မှာ ရေနံ၊ သဘာဝဓာတ်ငွေ့ရည် (LNG)၊ ဆေးပစ္စည်းများ၊ ကျောက်မီးသွေး၊ တစ်ပိုင်းလျှပ်ကူးပစ္စည်းနှင့် ဆက်စပ်ပစ္စည်းများ၊ အဝတ်အထည်နှင့်ဆက်စပ်ပစ္စည်းများ ဖြစ်ပါသည်။

၁၄။ ၂၀၂၅ ခုနှစ်တွင် ဂျပန်နိုင်ငံမှ အများဆုံးတင်ပို့ခဲ့သည့် ကုန်စည်များမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-

| စဉ် | ကုန်စည်အမျိုးအစား | တန်ဖိုး (USD in billion) | ရာခိုင်နှုန်း |
|---|---|---|---|
| (က) | Vehicles (cars, trucks, auto parts) | ၁၅၀.၉ | ၂၀.၃ |
| (ခ) | Machinery (industrial machines, computers) | ၁၂၅.၇ | ၁၇.၈ |
| (ဂ) | Electrical machinery & electronics | ၁၀၁.၁ | ၁၄.၃ |
| (ဃ) | Optical, medical & technical equipment | ၃၆.၂ | ၅.၁ |
| (င) | Iron & steel | ၂၇.၄ | ၃.၉ |
| (စ) | Plastics & plastic products | ၂၄.၇ | ၃.၅ |
| (ဆ) | Precious metals & gems | ၂၃ | ၃.၂ |
| (ဇ) | Organic chemicals | ၁၄.၃ | ၂ |
| (ဈ) | Copper | ၁၃.၄ | ၁.၉ |
| (ည) | Other chemical goods | ၁၃.၂ | ၁.၉ |

၁၅။ ၂၀၂၅ ခုနှစ်တွင် ဂျပန်နိုင်ငံမှ အများဆုံးတင်သွင်းခဲ့သည့် ကုန်စည်များမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-

| စဉ် | ကုန်စည်အမျိုးအစား | တန်ဖိုး (USD in Billion) |
|---|---|---|
| (က) | Mineral fuels (oil, LNG, petroleum) | ၁၆၈.၇ |
| (ခ) | Electrical & electronic equipment | ၁၀၆.၁ |
| (ဂ) | Machinery & nuclear reactors | ၇၂.၈ |
| (ဃ) | Pharmaceutical products | ၃၀.၂ |
| (င) | Ores, slag & ash | ၂၇.၈ |
| (စ) | Optical & medical instruments | ၂၇.၃ |
| (ဆ) | Vehicles | ၂၃ |
| (ဇ) | Plastics | ၁၆.၁ |
| (ဈ) | Precious metals & stones | ၁၅.၂ |
| (ည) | Organic chemicals | ၁၄.၇ |

## ဂျပန်နိုင်ငံ၏ ရင်းနှီးမြှုပ်နှံမှုအခြေအနေ

၁၆။ ပြည်တွင်းပြည်ပ ရင်းနှီးမြှုပ်နှံမှုများကို ဆွဲဆောင်နိုင်သည့် ဝန်းကျင်ဖြစ်စေရေး ထိန်းသိမ်းထားနိုင်ရေးမှာ ဂျပန်နိုင်ငံ၏ စီးပွားရေးမူဝါဒတွင် အရေးပါသည့် ရည်မှန်းချက်တစ်ရပ် ဖြစ်ပါသည်။ ဂျပန်အစိုးရအနေဖြင့် ပုဂ္ဂလိက ရင်းနှီးမြှုပ်နှံမှုကို တွန်းအားပေးနိုင်မည့် ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ မဟာဗျူဟာများကို ချမှတ်ဆောင်ရွက်လျက် ရှိပါသည်။

၁၇။ ဂျပန်အစိုးရအနေဖြင့် နိုင်ငံခြားတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှုမြှင့်တင်နိုင်ရေး မဟာဗျူဟာ (Strategy for Promoting Foreign Direct Investment in Japan) ကို ချမှတ်ဆောင်ရွက်လျက်ရှိပြီး နိုင်ငံခြားတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှုများဝင်ရောက်မှုကို ၂ ဆတိုးမြှင့်ကာ ၂၀၃၀ ပြည့်နှစ်တွင် နိုင်ငံ့ GDP ၏ ၂၀ ရာခိုင်နှုန်းဖြစ်သည့် ယန်း ၁၀၀ ထရီလီယံသို့ ရောက်ရှိစေရေး မျှော်မှန်းဆောင်ရွက်လျက် ရှိပါသည်။

၁၈။ နိုင်ငံ့စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် အလားအလာရှိသော ကဏ္ဍများဖြစ်သည့် သိပ္ပံနှင့်နည်းပညာဆိုင်ရာ တီထွင်ဆန်းသစ်မှုကဏ္ဍများ၊ ပေါ်ထွန်းစလုပ်ငန်းများ၊ အစိမ်းရောင်အသွင်ကူးပြောင်းမှုဆိုင်ရာ ရင်းနှီးမြှုပ်နှံမှုများ(Green Transformation)၊ ဒစ်ဂျစ်တယ်အသွင်ကူးပြောင်းမှုဆိုင်ရာ ရင်းနှီးမြှုပ်နှံမှုများ(Digital Transformation)ကို ဦးစားပေးကဏ္ဍများအဖြစ် သတ်မှတ်ဆောင်ရွက်လျက် ရှိပါသည်။ အဆိုပါကဏ္ဍများတွင် ရင်းနှီးမြှုပ်နှံမှုများ ဆွဲဆောင်နိုင်ရေးအတွက် ထောက်ပံ့ပို့ဆောင်ရေးကွင်းဆက်များ တည်ဆောက်ပေးခြင်း၊ ကုမ္ပဏီများအား ပြည်တွင်းဈေးကွက်သို့ ပြန်လည်ဝင်ရောက်လာစေရန် တွန်းအားပေးခြင်းနှင့် ပို့ကုန်တင်ပို့နိုင်မှု မြှင့်တင်အားပေးခြင်းတို့ကို ဆောင်ရွက်ပေးလျက် ရှိပါသည်။

၁၉။ ၂၀၂၅ ခုနှစ်တွင် ဂျပန်နိုင်ငံအနေဖြင့် ပြည်ပနိုင်ငံ ၁၂၅ နိုင်ငံတွင် သွားရောက် ရင်းနှီးမြှုပ်နှံခဲ့ပြီး၊ ရင်းနှီးမြှုပ်နှံထားမှု (Outward Investment) မှာ ယန်း ၃၀.၉၃၆ ထရီလီယံ ရှိခဲ့ပါသည်။ ၂၀၂၅ ခုနှစ်တွင် ပြည်ပနိုင်ငံ ၇၁ နိုင်ငံမှ ဂျပန်နိုင်ငံတွင် လာရောက်ရင်းနှီးမြှုပ်နှံခဲ့ပြီး၊ ရင်းနှီးမြှုပ်နှံမှုပမာဏ (Inward Investment) မှာ ယန်း ၂.၀၂၂ ထရီလီယံ ရှိခဲ့ပါသည်။ Inward Investment မှာ ယခင်နှစ်အလားတူကာလနှင့်နှိုင်းယှဉ်ပါက ယန်း ၀.၉၈၉ ထရီလီယံ လျော့နည်းခဲ့သည်ကို တွေ့ရှိရပါသည်။

၂၀။ ၂၀၂၅ ခုနှစ်တွင် ပြည်ပနိုင်ငံများမှ ဂျပန်နိုင်ငံ၏ ဘဏ္ဍာရေးနှင့်အာမခံလုပ်ငန်း (ယန်း ၀.၇၄၆ ထရီလီယံ)၊ လျှပ်စစ်ပစ္စည်းကိရိယာများထုတ်လုပ်သည့်လုပ်ငန်း (ယန်း ၀.၂၅၈ ထရီလီယံ) နှင့်သယ်ယူပို့ဆောင်ရေးပစ္စည်းများ ထုတ်လုပ်သည့်လုပ်ငန်း (ယန်း ၀.၂၃၉ ထရီလီယံ) တို့တွင် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများ အများဆုံးပြုလုပ်ခဲ့သည်ကို တွေ့ရှိရပါသည်။

၂၁။ ၂၀၂၅ ခုနှစ်တွင် ဂျပန်နိုင်ငံ၌ အများဆုံး ရင်းနှီးမြှုပ်နှံမှုပြုလုပ်ခဲ့သည့် နိုင်ငံ/ဒေသများမှာ ဆွစ်ဇာလန်နိုင်ငံ (ယန်း ၀.၃၉၉ ထရီလီယံ)၊ Cayman Islands (ယန်း ၀.၃၈၂ ထရီလီယံ) နှင့် ပြင်သစ်နိုင်ငံ (ယန်း ၀.၃၂၇ ထရီလီယံ)တို့ ဖြစ်ကြပါသည်။ ဂျပန်နိုင်ငံမှ အများဆုံး ရင်းနှီးမြှုပ်နှံထားသည့် နိုင်ငံများမှာ အမေရိကန်နိုင်ငံ (ယန်း ၁၃.၄၄၁ ထရီလီယံ)၊ ဗြိတိန်နိုင်ငံ(ယန်း ၂.၇၃၅ ထရီလီယံ)နှင့် စင်ကာပူနိုင်ငံ (ယန်း၂.၄၆၉ ထရီလီယံ)တို့ ဖြစ်ပါသည်။

## စီးပွားရေးလုပ်ငန်းများ လည်ပတ်ဆောင်ရွက်နေမှု အခြေအနေ

၂၂။ Statistics of Japan ၏ ထုတ်ပြန်ချက်အရ ဂျပန်နိုင်ငံတွင် ၂၀၂၅ ခုနှစ်၌ ကိုယ်ပိုင်လုပ်ငန်းပေါင်း ၂၂.၃၉၅ သန်းရှိပြီး လယ်ယာကဏ္ဍတွင် ၀.၁၉၅ သန်း၊ ထုတ်လုပ်မှုကဏ္ဍတွင် ၅.၂၄၇ သန်း၊ ဝန်ဆောင်မှုကဏ္ဍတွင် ၁၆.၉၅၃ သန်း လုပ်ငန်းဆောင်ရွက်လျက် ရှိပါသည်။ လယ်ယာကဏ္ဍတွင် စုစုပေါင်းလုပ်ငန်းအရေအတွက်၏ ၀.၈၇ ရာခိုင်နှုန်း၊ ထုတ်လုပ်မှုကဏ္ဍတွင် စုစုပေါင်းလုပ်ငန်းအရေအတွက်၏ ၂၃.၄၃ ရာခိုင်နှုန်းနှင့်ဝန်ဆောင်မှုကဏ္ဍတွင် စုစုပေါင်းလုပ်ငန်းအရေအတွက်၏ ၇၅.၆၉ ရာခိုင်နှုန်း လုပ်ငန်းဆောင်ရွက်လျက် ရှိပါသည်။

၂၃။ ဂျပန်နိုင်ငံတွင် တရားဝင် စီးပွားရေးအဖွဲ့အစည်းများ၊ ကုမ္ပဏီများနှင့် ပုဂ္ဂလိက လုပ်ငန်းများအဖြစ် တည်ထောင်၍ လုပ်ငန်းဆောင်ရွက်မှုအရေအတွက်မှာ ၂၂,၃၉၄,၇၂၀ ခု ရှိပါသည်။ ကုမ္ပဏီတည်ထောင်၍ လုပ်ငန်းဆောင်ရွက်နေမှုမှာ ၁၀,၂၇၈,၅၈၂ ခု ရှိပါသည်။ ၁၆-၃-၂၀၂၆ ရက်နေ့အထိ Tokyo Stock Exchange စာရင်းဝင် ကုမ္ပဏီအရေအတွက်မှာ ၃,၉၂၄ ခု ရှိပါသည်။

## ဂျပန်နိုင်ငံ၏ ဘဏ်လုပ်ငန်းနှင့်စနစ်များ

၂၄။ ဂျပန်နိုင်ငံတွင် ဂျပန်ဘဏ္ဍာရေးဝန်ဆောင်မှုအေဂျင်စီ(Financial Services Agency) နှင့် Bank of Japan တို့မှ ဂျပန်နိုင်ငံ၏ ဘဏ္ဍာရေးစနစ်ကို ထိန်းချုပ်လျက် ရှိပါသည်။ ဂျပန်ဗဟိုဘဏ်အနေဖြင့် ယန်းငွေ ရိုက်ထုတ်ပေးခြင်း၊ ငွေကြေးမူဝါဒများ ထိန်းချုပ်ခြင်း၊ ဘဏ္ဍာရေးစနစ်တည်ငြိမ်စေရေးဆောင်ရွက်ခြင်း၊ ငွေပေးငွေယူရှင်းတမ်းများ ထိန်းချုပ်ခြင်းတို့ကို အဓိကဆောင်ရွက်လျက် ရှိပါသည်။ ဂျပန်နိုင်ငံတွင် ဘဏ်ခွဲပေါင်း ၁,၁၀၀ ကျော်ရှိပြီး၊ အဓိကဘဏ်ကြီးများမှာ Mitsubishi UFJ Financial Group၊ Sumitomo Mitsui Financial Group နှင့် Mizuho Financial Group တို့ ဖြစ်ပါသည်။

## ဘဏ္ဍာငွေ အရ/အသုံးအခြေအနေ

၂၅။ ၂၀၂၅ ဘဏ္ဍာနှစ်တွင် ဂျပန်နိုင်ငံအစိုးရအနေဖြင့် ယန်း ၁၁၅.၁၉၇ ထရီလီယံ ရရှိခဲ့သည့် အနက် အစိုးရအနေဖြင့် လူမှုဖူလုံရေးအတွက် ၃၃.၂ ရာခိုင်နှုန်း၊ National Debt Service အတွက် ၂၄.၅ ရာခိုင်နှုန်း၊ ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းများအတွက် ၅.၃ ရာခိုင်နှုန်း၊ နိုင်ငံတော်ကာကွယ်

ရေးအတွက် ၇.၅ ရာခိုင်နှုန်း၊ အခွန်ဆိုင်ရာ ဝန်ထုပ်ဝန်ပိုးများ လျှော့ချနိုင်ရေးအတွက် ၁၆.၄ ရာခိုင်နှုန်း၊ ပညာရေးအတွက် ၄.၉ ရာခိုင်နှုန်းနှင့်အခြားသော လုပ်ငန်းများအတွက် ၈.၂ ရာခိုင်နှုန်း သုံးစွဲခဲ့ပါသည်။

**အစိုးရ၏ ကြွေးမြီအခြေအနေ**

၂၆။ ဂျပန်နိုင်ငံ၏ ကြွေးမြီမှာ ဖွံ့ဖြိုးပြီးနိုင်ငံများတွင် အမြင့်ဆုံးဖြစ်ပြီး ၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာလကုန်တွင် ဂျပန်ယန်း ၁,၃၄၂ ထရီလီယံ ရှိခဲ့ပါသည်။ ဂျပန်နိုင်ငံ၏ကြွေးမြီမှာ စုစုပေါင်း ပြည်တွင်းအသားတင်ထုတ်လုပ်မှုနှင့်ဝန်ဆောင်မှုတန်ဖိုး (Nominal GDP) ၏ ၂၃၅ ရာခိုင်နှုန်း ရှိခဲ့ပါသည်။

**အခွန်အကောက်ရရှိမှု အခြေအနေ**

၂၇။ ၂၀၂၅ ခုနှစ်တွင် ဂျပန်အစိုးရ၏ ဘဏ္ဍာငွေရရှိမှုမှာ ယန်း ၁၁၅.၁၉၇ ထရီလီယံရှိခဲ့ပြီး စုစုပေါင်း ရငွေ၏ ၆၇.၆ ရာခိုင်နှုန်းဖြစ်သည့် ယန်း ၇၇.၈၂ ထရီလီယံမှာ အခွန်ကောက်ခံရရှိငွေများ ဖြစ်ပါသည်။ အစိုးရအနေဖြင့် နိုင်ငံဘဏ္ဍာငွေကို ဝင်ငွေခွန် ကောက်ခံရရှိမှုမှ ၁၉.၇ ရာခိုင်နှုန်း၊လုပ်ငန်းခွန်(Corporation Tax)မှ ၁၆.၇ ရာခိုင်နှုန်း၊ဝယ်ယူစားသုံးခွန်(Consumption Tax)မှ ၂၁.၆ ရာခိုင်နှုန်းနှင့်အခြားသော အခွန်နှင့်တံဆိပ်ခေါင်းရောင်းချမှုမှ ၉.၅ ရာခိုင်နှုန်းဖြင့် နိုင်ငံတော်ဘဏ္ဍာရငွေ၏ စုစုပေါင်း ၆၇.၆ ရာခိုင်နှုန်းကို အခွန်အကောက်မှ ကောက်ခံရရှိလျက် ရှိပါသည်။

**ငွေကြေးဖောင်းပွမှုနှုန်း**

၂၈။ ၂၀၂၅ ခုနှစ်တွင် ဂျပန်နိုင်ငံ၏ ပျမ်းမျှငွေကြေးဖောင်းပွမှုနှုန်းမှာ ၃.၁ ရာခိုင်နှုန်း ရှိခဲ့ပါသည်။ ၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာလတွင် ဂျပန်နိုင်ငံ၏ ငွေကြေးဖောင်းပွမှုနှုန်းမှာ ၂.၁ ရာခိုင်နှုန်း ရှိခဲ့ပါသည်။ ဂျပန်ဗဟိုဘဏ်အနေဖြင့် ဂျပန်နိုင်ငံ၏ ငွေကြေးဖောင်းပွမှုနှုန်းကို ဂျပန်ဗဟိုဘဏ်၏ သတ်မှတ်နှုန်းထားဖြစ်သည့် ၂ ရာခိုင်နှုန်းတွင် တည်ငြိမ်အောင် ထိန်းထားနိုင်ရေး ဆောင်ရွက်လျက်ရှိပါသည်။

**အတိုးနှုန်း**

၂၉။ ကမ္ဘာ့ပထဝီနိုင်ငံရေးအခြေအနေများကြောင့် ကုန်စည်ထောက်ပံ့ပို့ဆောင်မှုကွင်းဆက်များ ပြတ်တောက်ကာ ကုန်စည်များ ရှားပါးလာခြင်းနှင့် ဝယ်လိုအားနှင့်ရောင်းလိုအား မညီမျှမှုများကြောင့် ဂျပန်နိုင်ငံအပါအဝင် ကမ္ဘာ့နိုင်ငံအများအပြားတွင် ငွေကြေးဖောင်းပွမှုများ ဖြစ်ပွားကာ အစိုးရများအနေဖြင့် တင်းကြပ်သည့် ငွေကြေးမူဝါဒကို ကျင့်သုံး၍ အတိုးနှုန်းတိုးမြှင့်လျက် ရှိကြ

ပါသည်။ ဂျပန်ဗဟိုဘဏ်အနေဖြင့် အလွန်ဖြေလျော့သည့်ငွေကြေးမူဝါဒ (Monetary Policy) ကို ကျင့်သုံးခဲ့ပြီး စီးပွားရေးလုပ်ငန်းများမှ ချေးငွေရယူနိုင်မှု လွယ်ကူစေကာ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို အထောက်အပံ့ဖြစ်စေရန်နှင့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများကို ဆွဲဆောင်နိုင်ရန်အတွက် အတိုးနှုန်းကို (-) ၀.၁ ရာခိုင်နှုန်း သတ်မှတ်ထားရှိခဲ့ပါသည်။

၃၀။ ၂၀၂၄ ခုနှစ် မတ်လဆန်းတွင် ကျင်းပခဲ့သည့် လစာဆိုင်ရာညှိနှိုင်းအစည်းအဝေးတွင် လုပ်ခလစာများကို ၃.၇ ရာခိုင်နှုန်း တိုးမြှင့်ပေးရန် အလုပ်ရှင်များနှင့်အလုပ်သမားသမဂ္ဂများအကြား သဘောတူညီမှု ရရှိခဲ့ပြီးနောက် ဂျပန်ဗဟိုဘဏ်အနေဖြင့် ၂၀၁၆ ခုနှစ်တွင် စတင်ကျင့်သုံးခဲ့သော Negative Interest Rate Policy ကို ၁၇ နှစ်အတွင်း ပထမဆုံးအကြိမ်အဖြစ် ၁၉-၃-၂၀၂၄ ရက်နေ့တွင် အဆုံးသတ်ကာ အတိုးနှုန်းကို (-၀.၁) ရာခိုင်နှုန်းမှ (၀) - (၀.၁) ရာခိုင်နှုန်းသို့ ပြောင်းလဲသတ်မှတ်ခဲ့ပါသည်။ ထို့နောက် ၃၁-၇-၂၀၂၄ ရက်နေ့တွင် အတိုးနှုန်းကို ၀.၂၅ ရာခိုင်နှုန်းသို့လည်းကောင်း၊ ၂၄-၁-၂၀၂၅ ရက်နေ့တွင် ၀.၅ ရာခိုင်နှုန်းသို့လည်းကောင်း အသီးသီးတိုးမြှင့်ပြင်ဆင်သတ်မှတ်ခဲ့ပါသည်။ အတိုးနှုန်းအတက်အကျသည် ဂျပန်ပြည်သူအများစု၏ ပေါင်နှံထားမှုအပေါ် သက်ရောက်မှုများပြားနိုင်သည့်အပြင် စီးပွားရေးအပေါ် ထိခိုက်မှု များပြားနိုင်သည့်အတွက် ဂျပန်ဗဟိုဘဏ်အနေဖြင့် အတိုးနှုန်းအပြောင်းအလဲကို စနစ်တကျ ချိန်ညှိဆောင်ရွက်ခဲ့သည်ကို တွေ့ရှိရပါသည်။

## နိုင်ငံခြားငွေလဲလှယ်နှုန်း

၃၁။ ဂျပန်နိုင်ငံအနေဖြင့် ဈေးကွက်အတွင်း လွတ်လပ်စွာ လဲလှယ်ရောင်းဝယ်နိုင်သည့် Free-floating Exchange Rate စနစ်ကို ကျင့်သုံးလျက် ရှိပါသည်။ ၂၀၂၄ ခုနှစ်တွင် အမေရိကန်ဒေါ်လာနှင့် ဂျပန်ယန်းငွေ၏ လစဉ်ပျမ်းမျှငွေလဲလှယ်နှုန်းမှာ အနိမ့်ဆုံး ၁၄၃.၁၅ ယန်းနှင့် အမြင့်ဆုံး ၁၅၇.၉၈ ယန်းရှိခဲ့ပြီး ပျမ်းမျှငွေလဲလှယ်နှုန်းမှာ ၁၅၁.၄၃ ယန်း ရှိခဲ့ပါသည်။ ၂၀၂၅ ခုနှစ်တွင် အမေရိကန်ဒေါ်လာနှင့် ဂျပန်ယန်းငွေ၏ လစဉ်ပျမ်းမျှ ငွေလဲလှယ်နှုန်းမှာအနိမ့်ဆုံး ၁၃၉.၈၉ ယန်းနှင့်အမြင့်ဆုံး ၁၅၈.၈၇ ယန်းရှိခဲ့ပြီး၊ ပျမ်းမျှငွေလဲလှယ်နှုန်းမှာ ၁၄၉.၆၅ ယန်း ရှိခဲ့ပါသည်။ အမေရိကန်ဒေါ်လာနှင့် ဂျပန်ယန်းငွေ ပျမ်းမျှလဲလှယ်နှုန်းမှာ ၂၀၂၂ ခုနှစ်၊ ဒီဇင်ဘာလတွင် ၁၃၄.၉၇ ယန်း ဖြစ်ပြီး ၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာလတွင် ၁၅၆.၀၃ ယန်းဖြစ်သဖြင့် (၃) နှစ်တာကာလအတွင်း ဂျပန်ယန်းငွေသည် ၁၅.၆ ရာခိုင်နှုန်း တန်ဖိုးကျဆင်းခဲ့ပါသည်။

## နိုင်ငံခြားသုံး သီးသန့်ရန်ပုံငွေထားရှိမှု အခြေအနေ

၃၂။ ၂၀၂၆ ခုနှစ်၊ မတ်လ ၁၂ ရက်နေ့အထိ ဂျပန်နိုင်ငံ၏ သိုသန့်ရွှေထားရှိသည့် တန်ဖိုးမှာ ယန်း ၄၄၁.၂၅၃ ဘီလီယံ ရှိပြီး နိုင်ငံခြားသုံး သီးသန့်ရန်ပုံငွေထားရှိမှု ပမာဏမှာ ယန်း ၄၁၅.၀၇၅ ဘီလီယံ ရှိခဲ့ပါသည်။ အဆိုပါ ရန်ပုံငွေများနှင့်အခြားသော သီးသန့်ရန်ပုံငွေများ အပါအဝင် ဂျပန်နိုင်ငံ၏ စုစုပေါင်းနိုင်ငံခြားသုံး သီးသန့်ရန်ပုံငွေထားရှိမှု ပမာဏမှာ အမေရိကန်ဒေါ်လာ ၁.၃၇ ထရီလီယံ ဖြစ်ပါသည်။၂၀၂၄ ခုနှစ်တွင် ဂျပန်နိုင်ငံ၏ စုစုပေါင်းနိုင်ငံခြားသုံး သီးသန့်ရန်ပုံငွေထားရှိမှုပမာဏမှာ ၁.၂၅၄ ထရီလီယံရှိခဲ့သည့်အတွက် နိုင်ငံခြားသုံးသီးသန့်ရန်ပုံငွေထားရှိမှု ပမာဏမှာ ၈.၄၇ ရာခိုင်နှုန်း မြင့်တက်ခဲ့ပါသည်။[1]

## စုစုပေါင်းငွေကြေးပမာဏ

၃၃။ ဂျပန်နိုင်ငံ၏ စုစုပေါင်း ငွေကြေးပမာဏမှာ ၂၀၂၆ ခုနှစ်၊ ဖေဖော်ဝါရီလကုန်တွင် ယန်း ၂,၂၇၅.၃ ထရီလီယံ ရှိခဲ့ပြီး ၂၀၂၅ ခုနှစ်၊ ဖေဖော်ဝါရီလကုန်တွင် ယန်း ၂,၁၉၉.၈ ထရီလီယံ ရှိခဲ့ပါသည်။ စုစုပေါင်း ငွေကြေးပမာဏမှာ (၁) နှစ်အတွင်း ၃.၄၃ ရာခိုင်နှုန်း တိုးတက်ခဲ့ပါသည်။

## ပြည်တွင်းလှည့်လည်သုံးစွဲငွေ (Currency in Circulation)

၃၄။ ဂျပန်နိုင်ငံ၏ ပြည်တွင်းလှည့်လည်သုံးစွဲငွေ (Currency in Circulation) ပမာဏမှာ ၂၀၂၆ ခုနှစ်၊ ဖေဖော်ဝါရီလကုန်တွင် ယန်း ၁၁၁.၃ ထရီလီယံရှိခဲ့ပြီး ၂၀၂၅ ခုနှစ်၊ ဖေဖော်ဝါရီလကုန်တွင် ယန်း ၁၁၂.၃ ထရီလီယံ ရှိခဲ့ပါသည်။ ဂျပန်နိုင်ငံ၏ ပြည်တွင်းလှည့်လည်သုံးစွဲငွေ (Currency in Circulation) ပမာဏမှာ ၁ နှစ်တာအတွင်း ၀.၈၉ ရာခိုင်နှုန်း ကျဆင်းခဲ့ပါသည်။[2]

## အလုပ်လုပ်ကိုင်မှု အခြေအနေ

၃၅။ ၂၀၂၆ ခုနှစ်၊ ဖေဖော်ဝါရီလ ထုတ်ပြန်ချက်အရ ဂျပန်နိုင်ငံ၏ လူဦးရေမှာ ၁၂၂.၈၆ သန်း ရှိပါသည်။[3] ၂၀၂၆ ခုနှစ်၊ ဖေဖော်ဝါရီလတွင် အဆိုပါ လူဦးရေ၏ ၅၆.၂၀ ရာခိုင်နှုန်းဖြစ်သည့် လူဦးရေ ၆၉.၀၅ သန်းမှာအလုပ်လုပ်ကိုင်လျက်ရှိပြီး၊ လယ်ယာကဏ္ဍတွင် ၁.၈၄ သန်း၊ စက်မှုကဏ္ဍတွင် ၁၃.၁၉ သန်းနှင့် ဝန်ဆောင်မှုကဏ္ဍတွင် ၅၄.၀၂ သန်း အလုပ်လုပ်ကိုင်လျက် ရှိပါသည်။ အလုပ်လုပ်ကိုင်လျက်ရှိသည့် လူဦးရေ ၆၉.၀၅ သန်း၏ ၃.၄၅ ရာခိုင်နှုန်းဖြစ်သော လူဦးရေ

---

[1] Ministry of Finance, Japan

[2] Bank of Japan

[3] Statistics Bureau of Japan

၂.၄၂ သန်းမှာ အစိုးရကဏ္ဍတွင် အလုပ်လုပ်ကိုင်လျက်ရှိပြီး ၉၆.၅ ရာခိုင်နှုန်းဖြစ်သည့် လူဦးရေ ၆၆.၆၃ သန်းမှာ ပုဂ္ဂလိကလုပ်ငန်းများတွင် အလုပ်လုပ်ကိုင်လျက် ရှိကြပါသည်။ ၂၀၂၆ ခုနှစ်၊ ဖေဖော်ဝါရီလတွင် ဂျပန်နိုင်ငံ၏ အလုပ်လက်မဲ့နှုန်းမှာ ၂.၇ ရာခိုင်နှုန်းဖြစ်ပြီး လူဦးရေ ၃.၃၂ သန်းမှာ အလုပ်လက်မဲ့များ ဖြစ်သည်ကို တွေ့ရှိရပါသည်။ လုပ်ငန်းခွင်ဝင်ရောက်ခြင်း မရှိသည့် လူဦးရေမှာ ၅၀.၄၉ သန်း ရှိပါသည်။

## ဆင်းရဲနွမ်းပါးမှုနှုန်း

၃၆။ ဂျပန်နိုင်ငံတွင် အခြားနိုင်ငံများကဲ့သို့ တရားဝင် ဆင်းရဲမှုမျဉ်း (Poverty Line) သတ်မှတ်ထားခြင်း မရှိသည်ကို တွေ့ရှိရပါသည်။ ပျမ်းမျှအားဖြင့် တစ်နှစ်ပျမ်းမျှဝင်ငွေ အမေရိကန်ဒေါ်လာ ၂၃,၄၅၈ အောက်လျော့နည်းသည့် အိမ်ထောင်စုများကို ဆင်းရဲသည့် အိမ်ထောင်စုများဟု သတ်မှတ်ကြပါသည်။ ဂျပန်နိုင်ငံ၏ ဆင်းရဲမှုနှုန်းမှာ ၁၅.၄ ရာခိုင်နှုန်း ရှိပါသည်။ ဂျပန်နိုင်ငံတွင် ကလေးသူငယ်များ၏ ဆင်းရဲမှုနှုန်းမှာ ၁၆ ရာခိုင်နှုန်းရှိပြီး အဆိုပါနှုန်းထားသည် ဖွံ့ဖြိုးပြီး စက်မှုထွန်းကားသည့် နိုင်ငံ ၄၃ နိုင်ငံအနက် ကလေးသူငယ်ဆင်းရဲမှုနှုန်း အမြင့်မားဆုံးနိုင်ငံများတွင် ပါဝင်လျက် ရှိပါသည်။

## ဂျပန်နိုင်ငံတွင် မြန်မာနိုင်ငံသားများ အလုပ်လုပ်ကိုင်မှု အခြေအနေ

၃၇။ ဂျပန်လူဝင်မှုကြီးကြပ်ရေးဌာန၏ ထုတ်ပြန်ချက်အရ ၂၀၂၅ ခုနှစ်၊ ဇွန်လအထိ ဂျပန်နိုင်ငံတွင် မြန်မာနိုင်ငံသား ၁၆၁,၅၇၁ ဦး နေထိုင်လျက်ရှိပြီး၊ ဂျပန်နိုင်ငံတွင် အလုပ်လုပ်ကိုင်သူ မြန်မာနိုင်ငံသား စုစုပေါင်း၏ ၃၈ ရာခိုင်နှုန်းမှာ စားသောက်ကုန်ထုတ်လုပ်သည့်စက်ရုံများတွင် လည်းကောင်း၊ ၃၀ ရာခိုင်နှုန်းမှာ လျှပ်စစ်ပစ္စည်းထုတ်လုပ်သည့် စက်ရုံအလုပ်ရုံများတွင်လည်းကောင်း၊ ၁၃ ရာခိုင်နှုန်းမှာ ဆောက်လုပ်ရေးလုပ်ငန်းခွင်များတွင်လည်းကောင်း၊ ၆ ရာခိုင်နှုန်းမှာ လယ်ယာကဏ္ဍတွင် လည်းကောင်း၊ ၅ ရာခိုင်နှုန်းမှာ သက်ကြီးရွယ်အို စောင့်ရှောက်မှုလုပ်ငန်းတွင်လည်းကောင်း၊ ၄ ရာခိုင်နှုန်းမှာ ဟိုတယ်ဝန်ဆောင်မှုလုပ်ငန်းနှင့်စားသောက်ဆိုင်လုပ်ငန်းများတွင်လည်းကောင်း အလုပ်လုပ်ကိုင်လျက် ရှိပါသည်။

# ကိုးကားစာရင်း

၁။ CEIC Data, https://www.ceicdata.com/en/indicator/japan/national-government-debt

၂။ Exchange Rates, https://www.x-rates.com/average/?from=USD&to=JPY&amount

၃။ Fiscal and Economic Outlook and Basic Stance for Economic and Fiscal Management, Japan Cabinet Office

၄။ Japan Cabinet Office, Monthly Economic Report

၅။ Japanese Public Finance Factsheet, Ministry of Finance

၆။ Japan Statistical Yearbook

၇။ Japan Exchange Group, https://www.jpx.co.jp/english/listing/co/index.html

၈။ Ministry of Internal Affairs and Communication, Japan

၉။ Ministry of Finance, Japan

၁၀။ Money Stock, Research and Statistics Department, Bank of Japan

၁၁။ Poverty in Japan, https://en.wikipedia.org/wiki/Poverty_in_Japan

၁၂။ Poverty Rate, https://worldpopulationreview.com/country-rankings/poverty-rate-by-country

၁၃။ Statistics Bureau of Japan, Ministry of Internal Affairs and Communications

၁၄။ Statistical Handbook of Japan

၁၅။ Statistics Bureau of Japan

၁၆။ Trade Statistics, Japan Ministry of Finance